လူသားချင်းစာနာထောက်ထားရေးနှင့်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး ဝန်ကြီးဌာန

# ရက်သတ္တပါတ် မိုးလေဝသ ခန့်မှန်းချက်

၂၀၂၁ခုနှစ်၊ ဇွန်လ ၇ရက်နေ့မှ - ဇွန်လ ၁၃ရက်နေ့အထိ

- ယခုတစ်ပတ် မိုးလေဝသခန့်မှန်းချက်တွင် အလေးထားတင်ပြလိုသည်မှာ မုတ်သုံအခြေအနေနှင့်မုတ်သုံမိုး အခြေအနေဖြစ်ပါသည်။
- ပြည်တွင်းပြည်ပ မိုးလေဝသခန့်မှန်းချက်များကို လေ့လာဆန်းစစ်ချက်အရ မြန်မာအပါအဝင် အာရှတိုက်တွင် ဇွန်လသည် မုတ်သုံမိုးရရှိနိုင်မှုနည်းပါးနိုင်ကြောင်း မြန်မာလယ်သမားများအား ဦးစွာ အသိပေးလိုပါသည်။
- မိုးဦးကာလ မုတ်သုံမိုးမှုမမှန် မိုးရွာသွန်းမှုမှာ -
  - ယခုရက်သတ္တပါတ်ကာလအတွင်း ဇွန်လ ၁၀၊၁၁၊၁၂နှင့်၁၃ရက် များတွင် မွန်ပြည်နယ်၊တနင်္သာရီတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်တောင်ပိုင်း တို့၌ မုတ်သုံမိုး ပျံ့ပျံ့နှံ့နှံ့ရွာသွန်းနိုင်ပြီး ပမာဏ လည်းများနိုင်ပါသည်။
  - အဆိုပါ ၄ ရက်အတွင်း မိုးရေချိန် ၆ လက်မ မှ ၈ လက်မ ခန့် ရွာသွန်းနိုင်သော်လည်း ယခုတစ်ပတ်အတွင်း ရေကြီးရေလျှံနိုင် မဖြစ်နိုင်သေးကြောင်း တွေ့ရှိရပါသည်။

©MOHADM, NUG

# ၂၀၂၁ ဇွန်လ ၇ ရက်အတွက် မိုးလေဝသ ခန့်မှန်းချက်

လူသားချင်းစာနာထောက်ထားရေးနှင့်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး ဝန်ကြီးဌာန







- အနောက်တောင်မုတ်သုံလေ အားအသင့်အတင့် ရှိနိုင်ပါသည်။ သို့ရာတွင် အနောက်လေစီးကြောင်းများ အားကောင်းနေဆဲ ဖြစ်သဖြင့် မြန်မာနိုင်ငံပေါ်သို့ ရေငွေ့ပို့လွှတ်နိုင်မှု အားနည်းနေပါသေးသည်။
- မိုးအခြေအနေမှာ- တနင်္သာရီတိုင်း၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပြီး ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။
- ပင်လယ်ပြင်တွင် အနောက်လေတိုက်နိုင်ပြီး လှိုင်းအသင့်အတင့်သာ ရှိနိုင်ပါသည်။

©MOHADM, NUG

# ၂၀၂၁ ဇွန်လ ၈ ရက်အတွက် မိုးလေဝသ ခန့်မှန်းချက်

လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး ဝန်ကြီးဌာန







- အနောက်တောင်မုတ်သုံလေ အားအသင့်အတင့် မှ အားကောင်းလာနိုင်ပါသည်။ သို့ရာတွင် အနောက်လေစီးကြောင်းများအားကပြန်လျော့ကျလာပြီး မြန်မာနိုင်ငံပေါ်သို့ ရေငွေ့များ စတင်ပို့လွှတ်နိုင်ပါသည်။
- မိုးအခြေအနေမှာ တနင်္သာရီတိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးရွာနိုင်ပြီး ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါ သည်။
- ပင်လယ်ပြင်တွင် အနောက်လေတိုက်နေပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပါသည်။

©MOHADM, NUG

# ၂၀၂၁ ဇွန်လ ၉ ရက်အတွက် မိုးလေဝသ ခန့်မှန်းချက်

လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး ဝန်ကြီးဌာန







- အနောက်တောင်မုတ်သုံလေ အားအသင့်အတင့် မှ အားကောင်းလာနိုင်ပါသည်။
- မိုးအခြေအနေမှာ- တနင်္သာရီတိုင်း မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီ တိုင်း တို့တွင် နေရာစိပ်စိပ် မိုးရွာနိုင်ပြီး ရှမ်းပြည်နယ်တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်ပါသည်။
- ပင်လယ်ပြင်တွင် အနောက်-အနောက်တောင် လေတိုက်နေပြီး လှိုင်း အသင့်အတင့် မှ လှိုင်း ကြီးနိုင်ပါသည်။

©MOHADM, NUG

# ၂၀၂၁ ဇွန်လ ၁၀ ရက် အတွက် မိုးလေဝသ ခန့်မှန်းချက်

လူသားချင်းစာနာထောက်ထားရေးနှင့်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး ဝန်ကြီးဌာန







- အနောက်တောင် မုတ်သုံလေသည် တနင်္သာရီကမ်းရိုးတန်းတွင် အားကောင်းနေပြီး ကျန် ဘင်္ဂလား ပင်လယ်အော် တွင် အားအသင့်အတင့် ရှိလာနိုင် သည်။

- မိုးအခြေအနေမှာ- တနင်္သာရီတိုင်း မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်း တို့တွင် နေရာစိပ်စိပ် မိုးရွာနိုင်ပြီး ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်ပါသည်။ မွန်ပြည်နယ် နှင့်ကရင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ (အဆိုပါဒေသများတွင် နေထိုင်သူများ အထူး သတိပြုစေလိုပါသည်)။

- ပင်လယ်ပြင်တွင် အနောက်-အနောက်တောင်လေတိုက်ခတ်နိုင်ပြီး လှိုင်းအသင့်အတင့် မှ လှိုင်းကြီးနိုင်ပါသည်။

©MOHADM, NUG

# ၂၀၂၁ ဇွန်လ ၁၁ ရက် အတွက် မိုးလေဝသ ခန့်မှန်းချက်









- အနောက်တောင်မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အားအသင့်အတင့်ရှိနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တွင် အားကောင်းလာနိုင်ပါသည်။

- မိုးအခြေအနေမှာ- တနင်္သာရီတိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ် ၊ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာအနှံ့အပြား မိုးရွာသွန်းနိုင်ပြီး ကချင်ပြည်နယ်၊ ပဲခူးတိုင်း၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်ပါသည်။ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့်ရခိုင်ပြည်နယ်တောင်ပိုင်းတွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ (အဆိုပါဒေသများတွင် နေထိုင် သူများ အထူး သတိပြုစေလိုပါသည်)။

- ပင်လယ်ပြင်တွင် အနောက်-အနောက်တောင်လေတိုက်နေပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပါသည်။ ပင်လယ်ပြင်တွင် လေတိုက်နှုန်း တစ်နာရီလျှင် ၃၀မိုင် မှ ၃၅ မိုင်ခန့် တိုက်ခတ်နိုင်ပါသည်။

©MOHADM, NUG

# ၂၀၂၁ ဇွန်လ ၁၂ ရက် အတွက် မိုးလေဝသ ခန့်မှန်းချက်









- အနောက်တောင်မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အားအသင့်အတင့်ရှိနေပြီး ကပ္ပလီပင်လယ်ပြင်နှင့်ကျန်ဘင်္ဂလားပင်လယ်အော် တွင် ဆက်လက်အားကောင်းနိုင်ပါသည်။

- တနင်္သာရီတိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာအနှံ့အပြား မိုးရွာနိုင်ပြီး ကချင်ပြည်နယ်၊ ပဲခူးတိုင်း၊ ချင်း ပြည်နယ်၊ စစ်ကိုင်းနှင့် ရှမ်းပြည်နယ်တွင်နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရခိုင် ပြည်နယ်တောင်ပိုင်းတွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။

(အဆိုပါဒေသများတွင်နေထိုင်သူများ အထူး သတိပြုစေလိုပါသည်)။

- ပင်လယ်ပြင်တွင် အနောက်-အနောက်တောင်လေတိုက်နေပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပါသည်။ ပင်လယ်ပြင်တွင်လေတိုက်နှုန်းတစ်နာရီလျှင် ၃၀မိုင်မှ ၃၅မိုင်ခန့်တိုက်ခတ်နိုင်ပါသည်။

©MOHADM, NUG

# ၂၀၂၁ ဇွန်လ ၁၃ ရက် အတွက် မိုးလေဝသ ခန့်မှန်းချက်

လူသားချင်းစာနာထောက်ထားရေးနှင့်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး ဝန်ကြီးဌာန







- အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင် နှင့် ကျန်ဘင်္ဂလားပင်လယ်အော် တစ်ခုလုံးတွင် ဆက်လက် အားကောင်းရာမှ အားအလွန်ကောင်းနိုင် ပါသည်။
- တနင်္သာရီတိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်း တို့တွင်နေရာအနှံ့အပြား မိုးရွာနိုင်ပြီး ကချင်ပြည်နယ်၊ ပဲခူးတိုင်း၊ ချင်းပြည် နယ်၊ စစ်ကိုင်းတိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်ပါသည်။
- ပင်လယ်ပြင်တွင် အနောက်-အနောက်တောင်လေတိုက်နေပြီး လှိုင်းကြီးနိုင်ပါသည်။ ပင်လယ်ပြင်တွင်မိုးသက်လေပြင်းများကျရောက်ပြီး လေတိုက်နှုန်းတနာရီလျှင် ၃၅မိုင်မှမိုင် ၄၀အထိ တိုက်ခတ် နိုင်ပါသည်။ ဘင်္ဂလားပင်လယ်မြောက်ပိုင်းတွင်လေထုမငြိမ်မသက် ဖြစ်ရာမှ လေပွေလှိုင်းတခု ဖြစ်လာပြီး အိန္ဒိယ-ဘင်္ဂလားနယ်စပ်သို့ ဖြတ်ကျော်နိုင်ပါသည်။

©MOHADM, NUG